# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကတင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၃) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၄ ရက်၊

(၄) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၄ ရက်၊

(၇) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၂ ရက်၊

(၉) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၁၀) အောင်လံမဲဆန္ဒနယ် ဦးကိုကိုထွန်း ခွင့် ၁၁ ရက်၊

(၁၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ ခွင့် ၄ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းဇော်ဝင်း ခွင့် ၁ ရက်၊

(၁၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်နှင့်

(၁၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက် အရည်အသွေးပြည့်မီသော ဘွဲ့ရများဖြစ်စေချင်ပါသောကြောင့် အဝေးသင်တက္ကသိုလ်များကို အရည်အသွေးပြည့်ဝရေးအတွက် မည်သို့ မြှင့်တင်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံဖြစ်ပါတယ်။ ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက်အရည်အသွေးပြည့်မီသော ဘွဲ့ရလူငယ်များဖြစ်စေချင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဝေးလံခက်ခဲဒေသတိုင်းရင်းသားလူငယ်များဟာ ဒေသအခြေအနေအရ ပညာရေးအခြေခံအရည်အသွေးနိမ့်ကျခြင်း၊ မိဘများစီးပွားရေးချို့တဲ့ခြင်းတို့ကြောင့် တက္ကသိုလ်သို့တက်ရောက်နိုင်သူ အလွန်ရှားပါးလှပါတယ်။ ဘွဲ့တစ်ခုရဖို့အတွက် အဝေးသင်တက္ကသိုလ်ကိုသာ အားကိုးနေရပါတယ်။ အဆင့်မြင့်ပညာရေးမူဝါဒအရ အဝေးသင်တက္ကသိုလ်ကို အရည်အသွေးပြည့်ဝပြီး နိုင်ငံတကာအဝေးသင်စနစ်ကဲ့သို့ အဆင့်မီအောင် မြှင့်တင်ဆောင်ရွက်မယ်လို့သိရှိရတဲ့အတွက် အထူးဝမ်းသာမိပါတယ်။ ယခင်တက္ကသိုလ်စာပေးစာယူခေတ်မှာကတော့ မိမိတို့သက်ဆိုင်ရာဘာသာရပ် ပို့ချချက်စာအုပ်များ ရရှိပြီးတာနဲ့ ကိုယ်တိုင်စိတ်ဝင်တစားလေ့လာဖတ်ရှုပြီး စာစဉ်မေးခွန်းများကိုလည်း ကိုယ်တိုင်ကြိုးစားဖြေဆို ပေးပို့ခဲ့ကြပါတယ်။ အနီးကပ်ပို့ချမှုများကိုလည်း မလွတ်တမ်းတက်ရောက်လေ့လာမှတ်သားတဲ့အတွက် အခက်အခဲမရှိဖြေဆိုနိုင်ကြပါတယ်။ ယခု အဝေးသင်တက္ကသိုလ်ခေတ်မှာကတော့ ကျောင်းသားများဟာ ထုတ်ပေးတဲ့ပို့ချချက်စာအုပ်၊ CD ခွေစတာတွေကို ဖတ်ရှုလေ့လာဖို့ထက် အဆင်သင့်ဝယ်ယူရရှိတဲ့ စာစဉ်ဖြေဆိုချက်တွေကို အလွယ်တကူကူးယူပြီး ပေးပို့ကြပါတယ်။ အနီးကပ်ပို့ချမှုမတိုင်ခင် တစ်လနှစ်လခန့် ကျူရှင်တက်ရပြီး ပြီးမှအနီးကပ်သင်တန်း တက်ရောက်စာမေးပွဲဖြေဆိုကြရပါတယ်။ သို့ပေမယ့်လည်း

အောင်မြင်သူနည်းပါးပြီး အချို့မှာပညာဆုံးခန်းတိုင်အောင် မတက်ရောက်နိုင်ခဲ့ကြပါ။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းပြီး ဘဝတက်လမ်းလည်း မျှော်လင့်ချက်မဲ့ဖြစ်ရသူတွေလည်း ရှိခဲ့ပါတယ်။ အဝေးသင်တက္ကသိုလ်ကို ယနေ့အထိ အားကိုးနေရတဲ့ ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက်အရည်အသွေးပြည့်မီသော ဘွဲ့ရလူငယ်များဖြစ်စေချင်တဲ့အတွက် အဝေးသင်တက္ကသိုလ်ကို အရည်အသွေးပြည့်ဝရေးအတွက် မည်သို့မြှင့်တင်ဆောင်ရွက်နေသည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံရဲ့ အဝေးသင်တက္ကသိုလ်ကို ယနေ့အထိ အားကိုးနေရတဲ့ ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ ဝေးလံခက်ခဲဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက် အရည်အသွေးပြည့်မီသော ဘွဲ့ရများဖြစ်စေချင်ပါသောကြောင့် အဝေးသင်တက္ကသိုလ်ကို အရည်အသွေးပြည့်ဝရေးအတွက် မည်သို့မြှင့်တင်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးထားတဲ့မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အဝေးသင်တက္ကသိုလ်များကို နိုင်ငံတကာအဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေးမြင့်မားစေရေးအတွက် သင်ကြားရေးအထောက်အကူပြု သင်ထောက်ကူပစ္စည်း(Teaching Materials) များကို အရည်အသွေးမြင့်မားလာစေရန်ဆောင်ရွက်ခြင်း၊ လက်ရှိအကဲဖြတ်စနစ်ကို ပြန်လည်ဆန်းစစ်လေ့လာ၍ အားနည်းချက်များကို ပြုပြင်ခြင်း၊ သင်ကြားရေးဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အဝေးသင် သင်ကြားရေး(Open and Distance Learning- ODL) အခြေပြု အရည်အသွေးအာမခံစနစ်တစ်ခုထူထောင်ရန် စီစဉ်လျက်ရှိခြင်း၊ ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည်

မူကြမ်း

များကို ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်ထားပေးလျက်ရှိခြင်း၊ ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အဦ(Infrastructure)များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ သင်တန်း (Program) အသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဝေးသင် သင်ကြားရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဝေးသင် သင်ကြားရေးစနစ်ဟာ အဆင့်မြင့်ပညာသင်ယူလိုသူများအတွက် သင်ယူခွင့်ရရှိစေရန် လမ်းဖွင့်ပေးထားတဲ့ ပညာရေးစနစ်ဖြစ်ပါတယ်။ အဝေးသင်ပညာရေးစနစ် အရည်အသွေးမြင့်မားလာစေရန်အတွက် ဆောင်ရွက်ရာမှာ အမှန်တကယ်လေ့လာသင်ယူလိုသူ ကျောင်းသားကျောင်းသူများဘက်မှလည်း အပြည့်အဝအားစိုက်ထုတ်ရန် အထူးလိုအပ်လှပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် နိုင်ငံတကာအဝေးသင်ပညာရေးကောင်စီ(International Council for Open and Distance Education- ICDE)နှင့် အာရှအဝေးသင်တက္ကသိုလ်များအဖွဲ့(Asian Association of Open University-AAOU) တို့ရဲ့ အဝေးသင်သင်ကြားရေးမှာ ပါဝင်ရမယ့်လက္ခဏာများကို တင်ပြလိုပါတယ်။ အဲဒါတွေကတော့ (၁) အနေနဲ့ကတော့ သင်ကြားပေးသူနှင့် သင်ယူသူတို့သည် ပုံမှန်တက္ကသိုလ်စာသင်ခန်းများမှာကဲ့သို့ မျက်နှာချင်းဆိုင်ရှိနေခြင်းမျိုးမဟုတ်ဘဲနဲ့ သီးခြားစီရှိနေကြခြင်း၊ ဒုတိယအချက်အနေနဲ့ကတော့ သင်ကြားပို့ချရာတွင် သင်ထောက်ကူပစ္စည်း (Teaching Materials or Instruction Materials) များဖြစ်သည့် ပုံနှိပ်စာအုပ်စာတမ်းများ၊ ရေဒီယို၊ ကက်ဆက်၊ တီဗွီ၊ CD၊ VCD၊ DVD၊ MP3၊ Website စသည်တို့ကို ကြားခံ(Media)အဖြစ် အသုံးပြု၍ သင်ကြားပို့ချခြင်း၊ တတိယအချက်အနေနဲ့တော့ သင်ကြားပေးသူနှင့် သင်ယူသူများအကြား အပြန်အလှန်ဆက်သွယ်နိုင်ရန် Two- way communication ရရှိနိုင်ရန်စီစဉ်ထားရှိခြင်း၊ စတုတ္ထအချက်အနေနဲ့တော့ သင်ကြားသူနှင့်သင်ယူသူများ သင်ကြားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ရန်အတွက် ရံဖန်ရံခါမျက်နှာချင်းဆိုင်တွေ့ဆုံမှုရရှိနိုင်ရန် စီစဉ်ထားရှိခြင်း၊ ပဉ္စမမြောက်အချက်အနေနဲ့တော့ သင်ယူသူများအနေနဲ့ မိမိကိုယ်တိုင်လေ့လာသင်ယူရမည်ဆိုသည်ကို သိရှိလက်ခံထားရမည်ဖြစ်ခြင်း၊ နောက်ဆုံး ဆဋ္ဌမမြောက်အချက်အနေနဲ့ကတော့ အဆိုပါသင်ကြားရေးဖြစ်စဉ်တစ်ခုလုံးဟာ ပညာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုလုံးရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ထားရှိစေရမည်ဖြစ်ခြင်းစသည်ဖြင့် ဖော်ပြထားတာရှိပါတယ်။ အဲဒီတင်ပြပါအချက်(၆)ချက်အနက်မှာ ပဉ္စမမြောက်အချက်ဖြစ်တဲ့ ကျောင်းသားကျောင်းသူများအနေဖြင့်

မိမိကိုယ်တိုင် လေ့လာသင်ယူရမည်ဆိုသည့်အချက်အပေါ်မှာ သင်ထောက်ကူပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျဖတ်ရှုလေ့လာခြင်း၊ စာစဉ်မေးခွန်းများကို ကိုယ်တိုင်ကြိုးစားဖြေဆိုခြင်း၊ အနီးကပ်သင်တန်းများကို မလွတ်တမ်းတက်ရောက်ခြင်းပြုလုပ်မှသာ အရည်အချင်းပြည့်ဝတဲ့ အဝေးသင်ဘွဲ့ရတစ်ဦးဖြစ်လာနိုင်မှာကို သိရှိနိုင်ပါတယ်ခင်ဗျား။ အဲဒီအချက်ကလွဲလို့ ကျန်တဲ့အချက်(၅)ချက်စလုံးကိုတော့ ကျွန်တော်တို့ အဝေးသင်တက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အဝေးသင်ပညာရေးစနစ်မှာ ပညာရေးကို ဆုံးခန်းတိုင်တက်ရောက်သင်ကြားနိုင်ရေးအတွက် လမ်းဖွင့်ပေးထားပြီးတော့ အသက်အရွယ်၊ ကျား/မ၊ လူမျိုးစသည်တို့ကို ကန့်သတ်ထားခြင်းမရှိဘဲနဲ့ ဘွဲ့မရမချင်း သင်တန်းတက်ရောက်နိုင်ခွင့်ကိုလည်း ဖန်တီးပေးထားပါတယ်။ သင်ယူသူကိုယ်တိုင်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီးတော့ အမှန်တကယ်ကြိုးစားသင်ယူရန် လိုအပ်လှပါတယ်။ သို့ဖြစ်ပါသောကြောင့် လက်ရှိအခြေအနေမှာ အဝေးသင်ပညာရေးစနစ်ကို နိုင်ငံတကာအဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေးပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်-ပြည်အမြန်ရထားကို တွဲဆိုင်းအသစ်များ အစားထိုးလဲလှယ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ကိုယ်စား နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်က ဦးရဲထွဋ်ဦး ဖြစ်ပါတယ်။ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ကိုယ်စား မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ရန်ကုန်-ပြည်မီးရထားတွဲဆိုင်းဟောင်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မြစ်ငယ်စက်ရုံမှတွဲများဖြင့် အစားထိုးလဲလှယ်ပေးခဲ့ပါတယ်။ ထို့သို့လဲလှယ်ပေးခဲ့တဲ့အတွက် တွဲချော်မှုများလည်း မဖြစ်တော့ပါ။ သို့ပါသော်လည်း ယခုအခါ ရထားမှာ ယိမ်းခါမှုအလွန်များပြီး လက်ဖြင့်ကိုင်၍စီးနေရသဖြင့် ပြည်သူများလည်းကြောက်လန့်စွာ စီးနင်းနေရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်-ပြည်အမြန်ရထားကို တွဲဆိုင်းအသစ်

များဖြင့် အစားထိုးလဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

[ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်ကိုယ်စား ဦးရဲထွဋ်ဦး၊ နတ်တလင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်မှ ရန်ကုန်-ပြည် အမြန်ရထားကို တွဲဆိုင်းအသစ်များ အစားထိုးလဲလှယ်ပေးပါရန် ဒေသခံပြည်သူများမှ လိုလားလျက်ရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်းမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရန်ကုန်-ပြည် ရထားလမ်းပိုင်းမှာ ပြေးဆွဲနေတဲ့ အမှတ်(၇၁)အဆန်၊ (၇၂)အစုန်အမြန်ရထားမှာ ၂၇-၉-၂၀၁၄ ရက်နေ့ကစပြီးတော့ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ အသစ်တည်ဆောက်ထုတ်လုပ်သော အထက်တန်း(၂)တွဲ၊ ရိုးရိုးတန်း(၈)တွဲ၊ ဘရိတ်တွဲတစ်တွဲတို့ဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြေးဆွဲပေးနေခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမဲ့လည်း ထပ်မံလိုအပ်လျက်ရှိတဲ့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချေးငွေနဲ့ လူစီးတွဲတည်ဆောက်ရေးစက်ရုံစီမံကိန်းက ခရီးသည်များ သက်တောင့်သက်သာစီးနိုင်တဲ့ လေအိပ်ဘိုဂီပါတွဲသစ်(၃၉)တွဲ၊ စက်ခေါင်း(၁၁)ခေါင်းကို တရုတ်နိုင်ငံမှာ အပြီးအစီးဆောက်လုပ်ပြီးတော့ မြန်မာ့မီးရထားမှာ အသုံးပြုဖို့ ကျွန်တော်တို့ စီစဉ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုင်ဝင်ဘာလဆန်းပိုင်းမှာ တွဲ ၁၈ တွဲနှင့် စက်ခေါင်းသစ်သုံးခေါင်း ရောက်ရှိပြီးဖြစ်ပါတယ်။ အသစ်ရောက်ရှိပြီးဖြစ်တဲ့ စက်ခေါင်းနှင့်တွဲသစ် တွဲဆိုင်းနှစ်ဆိုင်းဖွဲ့ဆင်မှုများကတော့ မြန်မာ့မီးရထားရဲ့ ဦးစားပေးအစီအစဉ်အရ ပထမဦးစားပေးလမ်းပိုင်းဖြစ်တဲ့ ရန်ကုန်-မန္တလေးအမြန်ရထားတွေမှာ အစားထိုးပြေးဆွဲသွားဖို့ စီစဉ်ဆောင်ရွက်

နေပါတယ်။ အဲဒီအတွက် လက်ရှိပြေးဆွဲနေတဲ့ ရန်ကုန်-မန္တလေးအမြန်ရထားကနေပြီးတော့ ထွက်ရှိလာတဲ့ တွဲဆိုင်း ၁၈ တွဲကနေပြီးတော့မှ သင့်လျော်တဲ့တွဲတွေကို တွဲကောင်းကိုးတွဲကို ရွေးချယ်ပြီးတော့ ထပ်မံမွမ်းမံပြင်ဆင်ပြီးတော့မှ အမှတ်(၇၁)အဆန်၊ (၇၂)အစုန် ရန်ကုန်-ပြည် အမြန်ရထားမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ အစားထိုးလဲလှယ် အသုံးပြုသွားမှာဖြစ်ပါတယ်။

တွဲများဖြည့်ဆည်းမှုသာမက ရန်ကုန်-ပြည် ရထားလမ်းပိုင်း တောင့်တင်းခိုင်မာစေရေးအတွက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြရမယ်ဆိုရင်တော့ သံလမ်းအဆက်ညှိခြင်းကို ၂၈.၅၁ မိုင်ကျော်ညှိပြီးပါပြီ။ ကွန်ကရစ်ဇလီဖားချ လဲလှယ်ခြင်းတွေကိုလည်းပဲ ၃၇၃၀၀ တုံး၊ လမ်းခင်းကျောက်ဖြည့်တင်ခြင်းတွေကိုတော့ ၅၇၆၅ ကျင်း၊ လမ်းမြှောက်ပက္ကင်ရိုက်ခြင်းတွေကိုလည်း ၁၆ မိုင်၊ စက်ဖြင့်ပက္ကင်ရိုက်ခြင်းတွေကို ၂၆ မိုင်ကျော်နှင့် စက်ဖြင့်သံလမ်းကပေဆက်ခြင်းတွေကိုလည်းပဲ ၂ မိုင်နီးပါး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်-ပြည်လမ်းပိုင်းမှာ လမ်းလွှဲ/လမ်းကူး လဲလှယ်ခြင်းနှစ်ခု၊ သံလမ်းလဲလှယ်ခြင်း ၁ မိုင်နီးပါးနှင့် လမ်းအဖြောင့်ဆွဲညှိခြင်း ၂၆ မိုင်ကျော်နှင့် လမ်းခင်းကျောက်များ ဖြည့်တင်ခြင်းကို ၆၉၆၅ ကျင်း ဖြည့်တင်ခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအတွက် ဆက်လက်ပြီးတော့ ရန်ကုန်-ပြည်လမ်းပိုင်းကိုလည်းပဲ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ ရထားပို့ဆောင်ရေးများနှင့်ပတ်သက်၍ လာမည့်အနာဂတ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုဖြစ်စေရန် မည်သို့စီမံထားရှိသည်နှင့် ယခု (၅)နှစ်တာကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုမရှိခြင်းအပေါ် မည်သို့သုံးသပ်သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ အစိုးရသစ်ကာလ ငါးနှစ်တာအတွင်းမှာ နိုင်ငံတော်၌ ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများမှာ အောင်မြင်မှုရှိတဲ့လုပ်ငန်းများစွာရှိသလို အောင်မြင်မှု နှေးကွေးနေတဲ့လုပ်ငန်းများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီအထဲမှာ ပို့ဆောင်ရေးကဏ္ဍကိုလေ့လာရင် လေကြောင်းလိုင်းများမှာရှိတဲ့လေယာဉ်များရဲ့ အဆင့်အတန်းနှင့် လုံခြုံစိတ်ချမှုအခြေအနေ၊ လေယာဉ်

ကွင်းများ၊ အဆောက်အဦများရဲ့အခြေအနေ၊ လေကြောင်းလိုင်းတွေမှာ ပို့ဆောင်ပြေးဆွဲနေတဲ့ ရေယာဉ်များရဲ့အဆင့်အတန်းနှင့် လုံခြုံစိတ်ချမှုအခြေအနေ၊ သင်္ဘောစိတ်များရဲ့အခြေအနေ၊ ရထားပို့ဆောင်ရေးကဏ္ဍမှာ ရထားများရဲ့အဆင့်အတန်းနှင့် လုံခြုံစိတ်ချမှုအခြေအနေ၊ ရထားလမ်းများ၊ ဘူတာများ၊ စက်ခေါင်းတွဲများရဲ့အခြေအနေတွေဟာ မျှော်မှန်းထားသလောက် သိသာထင်ရှားတဲ့ တိုးတက်မှုမရှိတဲ့အပြင် ရေယာဉ်များနှင့် ရထားတွေဟာ ပြည်သူများအနေနဲ့ အားကိုးအားထားမပြုဘဲနဲ့ မဖြစ်မနေလိုက်နာစီးနင်းဖို့ လိုအပ်မှသာ လိုက်ပါစီးနင်းနေကြပြီးတော့ အထူးသဖြင့် ရထားတွေမှာ လိုက်ပါစီးနင်းနေတဲ့ခရီးသည်များဟာ သယ်ဆောင်နိုင်စွမ်းရဲ့ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိသာရှိသလိုရေကြောင်းလိုင်းတွေမှာလည်း စက်ပိုင်းဆိုင်ရာလုံခြုံမှုမပေးနိုင်သည်ကို သိသိကြီးနဲ့ အန္တရာယ်ကြားကနေ လိုက်ပါနေကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ ပို့ဆောင်ရေးကဏ္ဍပြောင်းလဲတိုးတက်ရန်ဆောင်ရွက်နေမှုအခြေအနေတွေကို ပြည်သူတွေသိရှိဖို့အတွက် ရည်ရွယ်ပြီးတော့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ ရထားပို့ဆောင်ရေးနှင့်ပတ်သက်ပြီးတော့ လာမယ့်အနာဂတ်မှာ သိသာထင်ရှားတဲ့ပြောင်းလဲတိုးတက်မှုဖြစ်စေဖို့အတွက်မည်သို့စီမံထားရှိပါသလဲ။ (၂) ယခု (၅)နှစ်တာကာလအတွင်းမှာ အဆိုပါပို့ဆောင်ရေးလုပ်ငန်းများသိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုမရှိခြင်းအပေါ် မည်သို့သုံးသပ်ပါသလဲ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဦးရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်ကစပြီးတော့ ပြောင်းလဲကျင့်သုံးခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေးလမ်းစဉ်များနှင့်အညီ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ လိုက်လျောညီထွေစွာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လုပ်ငန်းများထိရောက်စွာ အကောင်

အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာမြောက် ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကိုလည်းကောင်း၊ လုပ်ငန်းရည်မှန်းချက်များအဖြစ် လုပ်ငန်းဆောင်ရွက်မှုမူဝါဒရည်မှန်းချက်၊ ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်၊ အရည်အသွေးမီစီမံခန့်ခွဲမှုမူဝါဒရည်မှန်းချက်များနှင့် အလုပ်အကိုင် ရှာဖွေခန့်ထားရေး ရည်မှန်းချက်များချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါတယ်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍမှာ လေယာဉ်ကွင်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ဘဏ္ဍာငွေကျပ် ၁၀၂.၇ ဘီလီယံခန့်နှင့် ပြည်တွင်းလေယာဉ်ကွင်း ၃၃ ကွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းတို့အနက် အချို့ကို ထုတ်နှုတ်တင်ပြရမယ်ဆိုလို့ရှိရင် နောင်မွန်းနှင့် မာန်အောင်လေယာဉ်ပြေးလမ်းသစ် တည်ဆောက်ခြင်း၊ ပူတာအို၊ မြစ်ကြီးနား၊ ဟဲဟိုး၊ စစ်တွေ၊ ကျောက်ဖြူ၊ လွိုင်ကော်၊ ကိုကိုးကျွန်း၊ ကလေးမြို့တွေရဲ့ လေယာဉ်ပြေးလမ်းတွေကို တိုးချဲ့ခြင်း၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ မြိတ်၊ ဟဲဟိုးနှင့် လားရှိုးလေဆိပ်တို့မှာ လေဆိပ်အဆောက်အဦသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ လေယာဉ်ရပ်နား နေရာများ တိုးချဲ့တည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်းများ ထပ်ပိုးလွှာတင်ခြင်း စသည်တို့ဖြစ်ပါ တယ်။

နိုင်ငံတော်မှ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတဲ့အတွက် လေကြောင်းမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပခရီး သွားလာမှုကို ကြည့်မယ်ဆိုရင် ၂၀၁၀ ခုနှစ်မှာ ပြည်တွင်းခရီးသည် ၂.၃ သန်းနှင့် ပြည်ပခရီးသည် ၁.၂ သန်းသာရှိခဲ့ရာက ၂၀၁၄ ခုနှစ်တွင်မှာ ပြည်တွင်းခရီးသည် ၄.၄ သန်းနှင့် ပြည်ပ ခရီးသည် ၃.၂ သန်းထိ တိုးတက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပြီးတော့၊ နိုင်ငံပိုင်နှင့် အမျိုးသားပုဂ္ဂလိက လေကြောင်းလိုင်း အရေအတွက်အနေနဲ့ ၂၀၁၀ ခုနှစ်မှာ လေယာဉ်လိုင်း ၆ လိုင်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ လေယာဉ်လိုင်း ၁၀ လိုင်းအထိ တိုးတက်လာသည်ကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ ပျံသန်းတဲ့ နိုင်ငံတကာလေကြောင်း လိုင်းအနေနဲ့လည်း ၂၀၁၀ ခုနှစ်မှာ လေကြောင်းလိုင်း ၁၃ လိုင်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် လေကြောင်းလိုင်း ၂၃ လိုင်းအထိ တိုးတက်လာကြောင်း တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်တဲ့ မြန်မာအမျိုးသားလေကြောင်းကို နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်းအဖြစ် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ရင်ဘောင်တန်းနိုင်ရန်အတွက် ယခင်အသုံးပြုခဲ့တဲ့ Fokker အမျိုးအစားလေယာဉ်တွေကို ရပ်နားခဲ့ပြီးတော့ ခေတ်မီလေယာဉ်များဖြင့်

လေယာဉ်အင်အားဖြည့်တင်းပြီးတော့ ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များအဖြစ် စင်ကာပူနိုင်ငံသို့ ဩဂုတ်လ ၁၇ ရက်နေ့က စတင်ပြေးဆွဲလျက်ရှိပြီး ဟောင်ကောင်ကို ဒီဇင်ဘာလ ၄ ရက်နေ့မှာလည်းကောင်း၊ ချင်းမိုင်ကို နောက်နှစ် ဇန်နဝါရီလ ၈ ရက်နေ့မှာလည်းကောင်း စတင်ပြေးဆွဲပြီးတော့၊ တိုင်ပေကိုတော့ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ စတင်ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်ထားပြီးသားဖြစ်ပါတယ်။ ဒါ့အပြင် ကိုရီးယား၊ ဂျပန် စတဲ့ ပြည်ပခရီးစဉ်တွေကိုလည်း ဆက်လက်တိုးချဲ့ပျံသန်းပြေးဆွဲသွားမှာဖြစ်ပါတယ်။

ခေတ်မီလေယာဉ်တွေ ဝယ်ယူ/ငှားရမ်းပြီးတော့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းကို ဈေးကွက်စီးပွားရေးစနစ်နဲ့ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ဖို့ ATR 72-600 ရှစ်စီး၊ Boeing 737-800 NG ရှစ်စီးနှင့် Caravan 208 B-FX နှစ်စီး စုစုပေါင်း လေယာဉ် ၁၈ စီး အင်အားဖြည့်တင်းဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်နိုင်ငံ ATR Co.,Ltd ရဲ့နည်းပညာအကူအညီ အထောက်အပံ့နဲ့ ATR Aircraft Maintenance, Repair and Overhaul (MRO) Project ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာ အသုံးပြုလျက်ရှိတဲ့ ရေယာဉ်အင်အားတိုးတက်များပြားလျက်ရှိပြီးတော့ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် (၅)နှစ်တာကာလအတွင်းမှာ ရေယာဉ်သစ်တွေတည်ဆောက်ခြင်း၊ ရေယာဉ်များနိုင်ငံခြားမှ မှာယူတင်သွင်းခြင်းတို့ကြောင့် နှစ်အလိုက်မှတ်ပုံတင်ထားတဲ့ ရေယာဉ်နှင့် သင်္ဘောအရေအတွက်မှာ ၂၀၁၀ ခုနှစ်မှာ ၃၆၅၈ စီးသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာ ၄၉၂၂ စီးအထိ တိုးတက်ခဲ့ပါတယ်။ ဒါ့အပြင် ရေယာဉ်ပိုင်ရှင်များက သင်္ဘောတွေကို နိုင်ငံခြားမှတင်သွင်းတဲ့နေရာမှာ အကောက်ခွန်ဦးစီးဌာနသို့ အခွန်(Custom Duty)ကို ရေယာဉ်ရဲ့တန်ဖိုး ၁.၅ ရာခိုင်နှုန်းပေးဆောင်ရပြီးတော့ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)ကို ရေယာဉ်တန်ဖိုးရဲ့ ၅ ရာခိုင်နှုန်းပေးဆောင်ရပြီးတော့ ဝင်ငွေခွန်ကိုတော့ ရေယာဉ်လုပ်ငန်းမှရရှိတဲ့ဝင်ငွေရဲ့ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ်မှာ ၂၅ ရာခိုင်နှုန်းပေးဆောင်ရခြင်းတို့ကြောင့် ရေယာဉ်တင်သွင်းတဲ့နေရာမှာတော့ အခက်အခဲ ဖြစ်ပေါ်စေလျက်ရှိပါတယ်။ တခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဆောင်ရွက်သလို ရေကြောင်းပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Domestic Shipping Development ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးတော့ အခွန်အခများကို ကင်းလွတ်ခွင့်ပေးခြင်းဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးကိုတော့ အထောက်အကူပြုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ ဂျပန်နိုင်ငံကို ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့တဲ့အတွင်းမှာ Memorandum on Cooperation in the field of Transpotation နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံရဲ့ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေး နည်းလမ်းအားလုံး ပါဝင်တဲ့ National Transport Master Plan ကို ရေးဆွဲဖို့ ပါဝင်ခဲ့ပါတယ်။ ဒီ Master Plan ရေးဆွဲနိုင်ရေးအတွက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်တဲ့ဌာနတွေက ကိုယ်စားလှယ်အားလုံးပါဝင်ပြီးတော့ မြန်မာ၊ ဂျပန် နှစ်ဖက်ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ရေရှည်မှာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ အကောင်အထည်ဖော်ရာမှာ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ National Transport Master Plan ရေးဆွဲပြီး စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့တော့ ရထားပို့ဆောင်ရေးကဏ္ဍနှင့်ပတ်သက်ပြီး အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ကာလတို ငါးနှစ် အမျိုးသားစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လာမည့်အနာဂတ်မှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုများအတွက် လျာထားစီစဉ်ဆောင်ရွက်မှုများကတော့ ပြည်ပအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်မည့်အစီအမံများဖြစ်တဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံခြင်းစီမံကိန်းအဆင့်-၁ ကို ဂျပန်နိုင်ငံ ODA ချေးငွေ အမေရိကန်ဒေါ်လာ ၆၄၈ သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီးတော့ အပိုင်း-၁ ရန်ကုန်-တောင်ငူလမ်းပိုင်း ၁၆၆ မိုင်ကို ၂၀၁၆ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဂျပန်နိုင်ငံ ODA ချေးငွေ အမေရိကန်ဒေါ်လာ ၂၀၆.၅၃ သန်းနှင့် ၂၀၁၅ ကနေ ၂၀၂၂ အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားပါတယ်။ ယခုအခါ ချေးငွေစာချုပ်ချုပ်ဆိုရေးအတွက် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ပဲခူး-ထားဝယ်လမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်

၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန် ADB မှ Pipe Line Project များစာရင်းမှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှာ ဦးစားပေးလမ်းပိုင်းဖြစ်တဲ့ ဂျိုးထောင်-နမ့်ခမ်း-ဘုံချောင်း-မဲဇာလမ်းပိုင်းကို ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိုရီးယားသမ္မတနိုင်ငံ သွင်းကုန်/ထုတ်ကုန်ဘဏ်ကို စီမံကိန်းအဆိုပြုလွှာ ပေးပို့ထားပြီးဖြစ်ပါတယ်။ တရုတ်ချေးငွေ အမေရိကန်ဒေါ်လာ ၉၁.၇၈၇ သန်းဖြင့် ဆောင်ရွက်မည့် စက်ခေါင်းနှင့်တွဲ တည်ဆောက်ရေးစက်ရုံများ တည်ဆောက်မည့် စီမံကိန်းဆောင်ရွက်လျက်ရှိပါတယ်။ ကိုရီးယား EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မယ့် လူစီးတွဲ ၁၀၀ ဝယ်ယူရေးစီမံကိန်း ချေးငွေ စာချုပ်ချုပ်ဆိုခြင်းကိုတော့ ၁၆-၁၁-၂၀၁၅ ရက်နေ့ မနေ့က ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အိန္ဒိယ ချေးငွေ အမေရိကန်ဒေါ်လာ ၈၆.၃၁ သန်းဖြင့် စက်ခေါင်း၊ တွဲများနှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူရေးစီမံကိန်းစာချုပ်ချုပ်ဆိုရေးနှင့် တင်ဒါခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါတယ်။ တရုတ် အတိုးမဲ့ချေးငွေ ယွမ်သန်း ၈၀ ဖြင့် စက်ခေါင်းသစ် ၆ ခေါင်း ဝယ်ယူရေးဆောင်ရွက်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းနှင့် ရန်ကုန်-မင်္ဂလာဒုံ-ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်သွယ်မယ့် LRT ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ စီမံထားပါတယ်။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖိတ်ခေါ်ဆောင်ရွက်မယ့် အစီအမံများကတော့ ရန်ကုန်-မန္တလေးမြန်နှုန်းမြင့် လျှပ်စစ်ရထားပြေးဆွဲရေးစီမံကိန်း၊ ရန်ကုန်မြို့ပတ်မြေအောက်ရထား စီမံကိန်း၊ ရန်ကုန်-မင်္ဂလာဒုံ-ဟံသာဝတီ ကောင်းကင်ရထား ပြေးဆွဲရေးစီမံကိန်းအတွက် အနာဂတ် မျှော်မှန်းချက်အဖြစ် စိတ်ပါဝင်စားတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကမ်းလှမ်းဖိတ်ခေါ်နေဆဲဖြစ်ပါ တယ်။ ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကြည့်မြင်တိုင်ဘူတာ၊ ပုဇွန်တောင် ဘူတာနှင့် ပုဂံဘူတာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရထားလမ်းတစ်လျှောက်မှာရှိတဲ့ Optical Fiber Cable ဆက်ကြောင်းတွေကို သွယ်တန်းငှားရမ်းရေးနှင့် ဆက်စပ်လုပ်ငန်းများအတွက် မြန်မာ့မီးရထား ပိုင်မြေငှားရမ်းဆောင်ရွက်ရေးစီမံကိန်း၊ မြစ်ငယ်နှင့် ရွာသာကြီးတို့မှာ ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကုန်သေတ္တာတင်ရထား (Containerization) ပြေးဆွဲရေးစီမံကိန်း တို့ကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရထားလမ်းသစ်အချို့ အပြီးသတ်ဖောက်လုပ်ခြင်းကို လာမည့် ငါးနှစ်ကာလတို အမျိုးသားစီမံကိန်း

ကာလအတွင်းမှာ စင်ခန်း-ဗန်းမော်၊ ကျောက်တော်-မင်းဘူး-အမ်း၊ စကြော့-အိမ်မဲ၊ ကန်ပြား-နတ်မောက် လမ်းပိုင်းများနှင့် ထားဝယ်-မြိတ်လမ်းပိုင်းများရဲ့ သရက်ချောင်း-ပလောက်လမ်း စုစုပေါင်း ရထား လမ်းသစ် ၂၆၇.၉၁ မိုင်ကို တိုးချဲ့ဖောက်လုပ်သွားရန် လျာထားထားပါတယ်။

ရထားလမ်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းအနေနဲ့ အရေးကြီးတဲ့ ရထားလမ်းပိုင်းများဖြစ်တဲ့ ရန်ကုန်-ပြည်၊ ပဲခူး-မော်လမြိုင်-ရေး၊ ကြံခင်း-ပခုက္ကူ၊ ပုသိမ်-အိမ်မဲ-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)၊ ဒိုက်ဦး-စစ်တောင်းလမ်းပိုင်း စုစုပေါင်း ၄၅၀ မိုင် ရထားလမ်းအဆင့်မြှင့်တင်ရေးကို လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက် စက်ခေါင်းများထုတ်လုပ်ခြင်းနှင့် ဝယ်ယူ ဖြည့်တင်းခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဝယ်ယူခဲ့တဲ့ လေအေးစက်တပ် RBE ၃၇ စီး၊ ရန်ကုန်ကမ်းနားလမ်းမှာ ပြေးဆွဲမယ့်လျှပ်စစ်ရထား ခုနစ်စီး၊ ဂျပန်နိုင်ငံ Grant Assistance for Grassroots Human Security Projects(GGP) Fund ဖြင့် လှူဒါန်းတဲ့ RBE ၁၉ စီး၊ Debt Relife Grant(DRG) Fund ဖြင့် လှူဒါန်းတဲ့ RBE ၁၈ စီး စုစုပေါင်း RBE ၇၄စီး နှင့် လျှပ်စစ်ရထားခုနစ်တွဲ စုစုပေါင်း RBE ၄၇ စီးနှင့် လျှပ်စစ်ရထား ခုနစ်တွဲ ရောက်ရှိလက်ခံပြီးဖြစ်ပါ တယ်။ လှူဒါန်းထားတဲ့ RBE ကိုးစီးနှင့် ၁၈ စီး စုစုပေါင်း RBE ၂၇ စီးသာ ရောက်ရှိရန်ကျန်ရှိပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးလက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ဘဏ္ဍာငွေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူခဲ့တဲ့ ဒီဇယ်စက်ခေါင်းသစ် ၁၁ ခေါင်းအနက် ၃ ခေါင်းဟာ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရောက်ရှိမှာဖြစ်ပြီးတော့ ကျန်စက်ခေါင်း တွေကလည်း ၂၀၁၆ ခုနှစ်မှာ ဆက်လက်ရောက်ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ချေးငွေ အမေရိကန်ဒေါ်လာ ၉၁.၇၈၇ သန်းဖြင့် နှစ်စဉ် စက်ခေါင်းသစ် ၂၂ လုံးနှင့် လူစီးတွဲသစ် ၁၂၀ တွဲ ထုတ်လုပ်မယ့် စက်ခေါင်းစက်ရုံကို နေပြည်တော်မှာလည်းကောင်း၊ လူစီးတွဲသစ်စက်ရုံကို မြစ်ငယ်မှာ လည်းကောင်း ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါ တယ်။ ဒီစီမံကိန်းမှာပါဝင်တဲ့ CBU စက်ခေါင်းသစ် ခုနစ်လုံးနှင့် လူစီးတွဲ ၃၉ တွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ရောက်ရှိရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအစိုးရလက်ထက်ကာလအတွင်း ဆောင်ရွက်နိုင်မှုများကတော့ ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းထက် လမ်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ခဲ့ပြီးတော့ လမ်းပိုင်းများအလိုက် ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကိုသာ အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ စက်ခေါင်းနှင့်တွဲများ ဝယ်ယူဖြည့်တင်းခြင်း ဆောင်ရွက်ခဲ့တဲ့နေရာမှာတော့ ၂၀၁၁-၂၀၁၂ ခုနှစ်ကနေ

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ အိန္ဒိယနိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၀ ခေါင်း၊ လူစီးတွဲ ၂၀ တွဲ၊ ကုန်တွဲ ၂၅၀ ကိုလည်းကောင်း၊ တရုတ်နိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၂ ခေါင်း၊ လူစီးတွဲ ၆၀၊ နိုင်ငံတော်ဘတ်ဂျက်နဲ့ RBE ရထား ၅၇ စီး ဝယ်ယူဖြည့်တင်းခဲ့ပါတယ်။

အဲဒီလို ပြည်တွင်းမှာ လူစီးတွဲတွေကို အစအဆုံး တည်ဆောက်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေကြိုးစားဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ယနေ့အထိ ရိုးရိုးတန်း လူစီးတွဲသစ် ၁၄၈ တွဲ၊ လူစီးဘရိတ်တွဲ ၂၀ တွဲ စုစုပေါင်း ၁၆၈ တွဲနှင့် စားသောက်တွဲ နှစ်တွဲတို့ကို တည်ဆောက်ခဲ့ပြီးတော့ နှစ်စဉ်လူစီးတွဲသစ် ၅၀ တွဲ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စက်ခေါင်းနှင့်တွဲတွေ ပြင်ဆင်မွမ်းမံခြင်းအနေနဲ့ နှစ်စဉ်စက်ခေါင်း အကြီးတန်းပြင်ဆင်ခြင်း ၄၀ တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း ၄၀ တွဲ၊ လူစီးတွဲအကြီးတန်းပြင်ဆင်ခြင်း ၅၀၄ တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း ၅၁၄ တွဲ၊ ကုန်တွဲအကြီးတန်းပြင်ဆင်ခြင်း ၁၀၅၂ တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း ၁၁၆၆ တွဲကိုလည်း ပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့ကမ်းနားလမ်းမှာ ပထမဦးဆုံးပြေးဆွဲမည့် လျှပ်စစ်ရထား (Tram) စနစ်အတွက်ကို လင်းစဒေါင်း-ထော်လီလမ်းကွေ့ပိုင်းအတွက် ၃.၆ မိုင်ကို Dual Gauge လျှပ်စစ်ရထားလမ်းသစ်အဖြစ် နောက်လကနေ စတင်ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ရေကြောင်း၊ လေကြောင်းနှင့် ရထားပို့ဆောင်ရေးကဏ္ဍများမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်များကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မသိသေးတာလေးတွေလည်း သိရတဲ့အတွက် မျှော်လင့်စရာရှိတာလေးတွေလည်း ကျွန်တော်တို့ မျှော်လင့်လို့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**နိုင်ငံခြားမတည်ငွေရာခိုင်နှုန်းဖြင့် မှတ်ပုံတင်ခွင့်ရရှိသော နိုင်ငံသားသင်္ဘောလိုင်းမည်မျှရှိပြီး အဆိုပါလုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်များက မည်သို့ကြီးကြပ်သည်နှင့် DICA ၏ကုမ္ပဏီဖွဲ့စည်း**

**တည်ဆောက်ခွင့်နှင့် MIC ၏ Investment Permit မည်သို့ကွဲပြားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၅) ရင်းနှီးမြှုပ်နှံမှု ပုံစံ-၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းပြီးတော့ အောက်ပါမေးခွန်းများကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း(၅) အပိုဒ် ၁၇ တွင် ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုအဖြစ် ပြုလုပ်ဆောင်ရွက်နိုင်သည်။ (က) ကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၌ နိုင်ငံခြားသားက နိုင်ငံခြားမတည်ရင်းနှီးငွေရာခိုင်နှုန်းအပြည့်ဖြင့်ပြုလုပ်ခြင်း၊ (ခ) နိုင်ငံခြားသားနှင့်နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတို့က ဖက်စပ်ပြုလုပ်ခြင်း၊ (ဂ) နှစ်ဖက်သဘောတူသော ပဋိညာဉ်စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းတို့ ဖော်ပြပါရှိပါတယ်။ အဆိုပါဥပဒေအပိုဒ် ၁၉ မှာ ယာယီမှတ်ပုံတင်ခွင့် ကြိုတင်ထုတ်ပေးခြင်းကို ရင်းနှီးမြှုပ်နှံခွင့်ပြုမိန့်ထုတ်ဝေခြင်းအဖြစ် မှတ်ယူခြင်းမရှိစေရလို့လည်း ပါရှိပါတယ်။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အချို့နိုင်ငံခြားသင်္ဘောကုမ္ပဏီများမှာ 100% ငွေရင်းရာနှုန်းပြည့်အဖြစ် Director of Investment and Company Administration (DICA) မှာ ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ခွင့် ရရှိနေတယ်လို့ သိရှိရပါတယ်။ ယခုအခါ DICA နှင့် MIC မှ Investment Permit မကွဲမပြားဖြစ်နေတယ်လို့လည်း သိရှိရပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အမိန့်ကြော်ငြာစာ(၁/၂၀၁၃)မှာ ပြည်နယ်ဦးစီးမှူး ဦးစီးများအတွက် ကိုယ်စားလှယ်လုပ်ငန်းကို နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်ဟု ဆိုထားပါတယ်။ အဆိုပါလုပ်ငန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UNFCCI မှ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများသည် နိုင်ငံသားကုမ္ပဏီများ

နှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်နေကြောင်း အကြံပြုထားတယ်လို့သိရပါတယ်။ ၎င်းအပေါ် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၄)ဖြင့် ရေယာဉ်များခရီးသည်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို သက်ဆိုင်ရာဝန်ကြီးဌာန သဘောတူညီချက်ဖြင့် နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရန်ခွင့်ပြုထားကြောင်းလည်း သိရပါတယ်။ နိုင်ငံခြားကုမ္ပဏီများဟာဒေါ်လာ ၅၀၀၀၀ ရှိလျှင် ကုမ္ပဏီဖွဲ့စည်းခွင့်ရတဲ့အတွက် ဒီရင်းနှီးမြှုပ်နှံခြင်းဟာကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုမဟုတ်ဘူးလို့ သိရပါတယ်။

သို့ဖြစ်တဲ့အတွက် သင်္ဘောလုပ်ငန်းကို နိုင်ငံခြားကုမ္ပဏီနဲ့ နိုင်ငံသားကုမ္ပဏီတို့ ဖက်စပ်ပြုစေခြင်းကသာ နိုင်ငံတော်အတွက် ပိုမိုပြီးတော့ အကျိုးရှိမယ်လို့ သုံးသပ်ကြလေ့ရှိပါတယ်။ ဒါကြောင့်မို့အောက်ပါကြယ်ပွင့်များကို နိုင်ငံခြားမတည် ငွေရာခိုင်နှုန်းဖြင့် မှတ်ပုံတင်ခွင့်ရရှိသော နိုင်ငံသားသင်္ဘောလိုင်းမည်မျှရှိပြီး အဆိုပါ လုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်များက မည်သို့ကြီးကြပ်ပါသနည်း။ နိုင်ငံခြားသင်္ဘောလိုင်းကုမ္ပဏီများ ဖက်စပ်မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများ ဖက်စပ်ဆောင်ရွက်စေသင့်ကြောင်း စဉ်းစားသင့်/မသင့်နှင့် DICA ၏ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခွင့်နှင့် MIC ၏ Investment Permit များ မည်သို့ကွဲပြားပါနည်းဆိုတာကို သိရှိလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ နိုင်ငံခြားမတည်ငွေရာနှုန်းပြည့်နှင့် မှတ်ပုံတင်ခွင့်ရရှိတဲ့ နိုင်ငံသားသင်္ဘောလိုင်းလုပ်ငန်းများမရှိကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ နိုင်ငံသားပိုင်သင်္ဘောလိုင်းများအဖြစ် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိတဲ့ သင်္ဘောလိုင်းလုပ်ငန်း ၃ ခုကတော့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၊ Lann Pyi Marine Co.,Ltd. နှင့် KMA Shipping Line တို့ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ နိုင်ငံတော်ကလက်ခံထားသော အပြည်ပြည်ဆိုင်ရာရေကြောင်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်း

အဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသတ်မှတ်ထားသော ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံသားပိုင်သင်္ဘောများ၊ မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသား အကျိုးတူဖက်စပ်ကုမ္ပဏီပိုင်သင်္ဘောများနှင့် နိုင်ငံခြားသားပိုင်သင်္ဘောများကိုပါ နိုင်ငံတော်အလံလွှင့်ထူခွင့်ပြုသည့်သင်္ဘောအဖြစ် မှတ်ပုံတင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေများနှင့်အညီ ခုတ်မောင်းသွားလာမှုရှိ/မရှိစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိတဲ့ The Myanmar Registration of ship Act, 1841 မှာ ခေတ်ကာလနှင့်ဆီလျော်မှုမရှိတော့တဲ့အတွက် မြန်မာသင်္ဘောများမှတ်ပုံတင်ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီးတော့ နိုင်ငံတော်သမ္မတရဲ့ ဥပဒေအကြံပေးအဖွဲ့မှ ထပ်မံအကြံပြုချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ နိုင်ငံတကာက သင်္ဘောတွေဆိပ်ကမ်းသို့ ဝင်/ထွက်သွားလာမှုကို ကြီးကြပ်ခြင်းနှင့်ဝန်ဆောင်မှုပေးခြင်း ရေကြောင်းဖြင့်ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများကို စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူတွေ၊ ပုဂ္ဂလိကအခန်းကဏ္ဍအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များစသည်တို့ပါဝင်တဲ့ ရေကြောင်းနဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးထားပြီးတော့ လုပ်ငန်းများကြီးကြပ်ခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၂)ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားစာရင်း၊ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၁၄-၈-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄)ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဒီအမိန့်ကြော်ငြာစာပါ သီးခြားပြဌာန်းထားတဲ့ အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်နဲ့ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းမှာ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် ရေယာဉ်များဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေကြောင်းဘက်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊ သင်္ဘောကျင်းလုပ်ငန်းများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေများတွင် ဆောင်ရွက်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်တဲ့လုပ်ငန်းများကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန DICA ဟာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များသာမက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ရုံးအဖြစ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC က ရင်းနှီးမြှုပ်နှံမှုဥပဒေများအရရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖွဲ့စည်းသည့် ကော်မရှင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီများအနေနဲ့ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ ဖွဲ့စည်းမှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

ဒီကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်လိုတဲ့ ကုမ္ပဏီများအနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြလျှောက်ထားနိုင်ပြီးတော့ MIC Permit နဲ့ လုပ်ငန်းဆောင်ရွက်ခွင့်ရပါက သက်ဆိုင်ရာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ကင်းလွတ်ခွင့်များနှင့် သက်သာခွင့်များ ခံစားနိုင်ပြီးတော့ အဆိုပါဥပဒေများအရ အခွင့်အရေးနှင့်အကာအကွယ်ပေးမှုများကို ရရှိနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း**

**ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို**

**လွှတ်တော်သို့တင်ပြခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပြန်လည် ပေးပို့လာတဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ဖြစ်သော ၂၁-၈-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(ဃ)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီကပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၃၁ ချက်ကို သဘောတူသင့်ကြောင်းနှင့် ၅၂ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းတင်ပြလာပါတယ်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၁၃၁ ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသောအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏စိစစ်တင်ပြချက်ကို တင်သွင်းမှာဖြစ်ပါတယ်ခင်ဗျား။ အပိုဒ်(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသော အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ဖြစ်သည့် ၂၃-၂-၂၀၁၅ ရက်နေ့တွင် ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ၂၈-၈-၂၀၁၅ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ အပိုဒ်(၂) ယင်းဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၅)ရက်မြောက်နေ့ဖြစ်သည့်

၂၁-၈-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၄-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုများ တင်သွင်းသူမရှိခဲ့ပါ။ အပိုဒ်(၃) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၉-၈-၂၀၁၅ ရက်နေ့ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။ အပိုဒ်(၄)ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါအချက် ၁၃၁ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း လက်ခံရန် သဘောတူခဲ့ပါသည်။ အမှတ်စဉ် ၁ အပိုဒ် ၂ နိဒါန်းအားပြင်ဆင်ခြင်း၊ အမှတ်စဉ် ၂ အခန်း(၁) ခေါင်းစဉ် အပိုဒ် ၁ ဘေးခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ဘေးခေါင်းစဉ် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(၄)၊ အပိုဒ်(၃)၊ အပိုဒ်ခွဲ(ည)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ပ)၊ အမှတ်စဉ် ၃ အခန်း(၂) အသစ်ဖြည့်စွက်ချက်အခန်း(၂)ခေါင်းစဉ်၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၄၊ အမှတ်စဉ် ၄ အခန်း(၃)၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ ဘေးခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇ဘေးခေါင်းစဉ်၊ အပိုဒ် ၈ ဘေးခေါင်းစဉ်၊ အမှတ်စဉ် ၅ အခန်း(၄)၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)၊ ရှင်းလင်းချက်အပိုဒ်(ကက)နှင့် အပိုဒ်(ခခ)တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၆ အခန်း(၅)၊ အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၇ အခန်း(၆)၊ အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၉ ဘေးခေါင်းစဉ်၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂၀ အမှတ်စဉ် ၈ အခန်း(၇)၊ အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၂၂ ဘေးခေါင်းစဉ်၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၃ ဘေးခေါင်းစဉ်၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ဂ)၊

အပိုဒ်၂၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၄)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ်(၂၈)ရှင်းလင်းချက်ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁ ဘေးခေါင်းစဉ်၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အမှတ်စဉ် ၉ အခန်း(၈)၊ အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၃၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်စိတ်(ကက)နှင့် အပိုဒ်ခွဲငယ်စိတ်(ခခ)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၃၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၃၈ ဘေးခေါင်းစဉ်၊ အပိုဒ် ၃၈ အမှတ်စဉ် ၁၀ အခန်း(၉)၊ အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(က)၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၃၇ အပိုဒ်ခွဲ(င)ကိုပယ်ဖျက်ခြင်း၊ အမှတ်စဉ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲ(ဂ)၊ အစဉ်(၁၁)၊ အပိုဒ် ၄၄ ဘေးခေါင်းစဉ်၊ အပိုဒ် ၄၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အမှတ်စဉ် ၁၂ အခန်း(၁၁) အပိုဒ် ၄၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၄၆)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(ဂ)၊ အပိုဒ်ခွဲငယ်စိတ်(၁)(၂)၊ အပိုဒ်ခွဲငယ်စိတ်(၂)၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၇ အပိုဒ် ၄၇ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၁၃ အခန်း(၁၂) အပိုဒ် ၅၀ အပိုဒ်ခွဲ(က)၊ ပြည်သူ့လွှတ်တော် ရဲ့အတည်ပြုချက် အပိုဒ် ၄၄ ဘေးခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၂ အပိုဒ် ၅၃ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို အပိုဒ် ၄၉ ဘေးခေါင်းစဉ်ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(က)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အပိုဒ် ၄၇ အပိုဒ်ခွဲ(ဂ) ကိုပယ်ဖျက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၈ ဘေးခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၅ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ်(၄၉) ဘေးခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၆ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အခန်း(၁၂) ခေါင်းစဉ်ကို ပယ်ဖျက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၅၆ ဘေးခေါင်းစဉ်ကို ပယ်ဖျက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၇ ကို ပယ်ဖျက်ခြင်း၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အပိုဒ် ၅၈ ဘေးခေါင်းစဉ်ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၈ အပိုဒ်ခွဲ(က) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၅၉ ဘေးခေါင်းစဉ်ကို ပယ်ဖျက်ခြင်းတို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် ၁၃၁ ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၁၃၁ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ၁၃၁ ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက် ၅၂ ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ထပ်မံပြင်ဆင်ရန်တင်ပြချက် (၅၁) ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အမှတ်စဉ်(၁) အခန်း(၁) အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ်(၂) အခန်း(၄) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အမှတ်စဉ်(၃) အခန်း(၅) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အမှတ်စဉ်(၄) အခန်း(၆) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(င)၊ အမှတ်စဉ်(၅) အခန်း(၇) အပိုဒ် ၂၂ အပိုဒ်ခွဲ(င) အပိုဒ်ခွဲငယ်(ခ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၀ အပိုဒ်ခွဲ(က) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(င)ကို ပယ်ဖျက်ခြင်း၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၃၁ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၁ ရှင်းလင်းချက်၊ အမှတ်စဉ်(၆) အခန်း(၈) အပိုဒ် ၃၅ အပိုဒ်ခွဲ(စ) အပိုဒ်ခွဲငယ်(၂)၏ ရှင်းလင်းချက် အပိုဒ် ၄၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၃၆ အပိုဒ်ခွဲငယ်(ဂ)၊ အမှတ်စဉ်(၇) အခန်း(၉) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(ဂ)၊ အပိုဒ် ၄၁

အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(င)၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ) အမှတ်စဉ်(ဈ) အခန်း(၁၀) အမျိုးသားလွှတ်တော်၏အတည်ပြုချက် အခန်း(၁၀) ခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၂ ဘေးခေါင်းစဉ်နှင့် အပိုဒ် ၄၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၄၃ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၃ ဘေးခေါင်းစဉ်၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)နှင့် အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)နှင့် အပိုဒ်ခွဲ(င)၊ အပိုဒ် ၄၄ အ မှတ်စဉ်(ဉ) အခန်း(၁၁)၊ အခန်း(၁၀)ခေါင်းစဉ်၊ အပိုဒ် ၄၅ ဘေးခေါင်းစဉ် အပိုဒ် ၄၅ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲ(၂) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ ၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ်(၁၀) အခန်း(၁၁) ခေါင်းစဉ်တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် သဘောထားကွဲလွဲသည့်အချက်(၅၂)ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၅၂)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီ၏တင်ပြချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက်(၅၂)ချက်အား အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်းတင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးကအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ (၅၂)ချက်ကို လွှတ်တော်ကသဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ သဘောထားကွဲလွဲချက်(၅၂)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ပါကြောင်း လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်သွင်းသော အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်တင်ပြသင့်ကြောင်းအဆိုကို ကျွန်တော်က ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၅၂)ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကိုရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲသည့် (၅၂)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်

ကြားထားသည့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဧရာဝတီတိုင်း ဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာအား ကော်မတီ၏ တာဝန်ပေး ချက်အရ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ဤသို့ဖတ်ကြားခြင်းမပြုမီ ကျွန်တော် ပြန်လည် မိတ်ဆက်ပေးလိုတာကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ လွှတ်တော်တစ်ရပ်ဖွဲ့စည်းပေါ်ပေါက်လာတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်အရ မဖြစ်မနေဖွဲ့စည်းရတဲ့ အမြဲတမ်းကော်မတီ Standy ကော်မတီ ၄ ခု ထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အထူးသဖြင့် မဏ္ဍိုင်ကြီး (၃)ရပ် အပြန်အလှန်ထိန်းညှိခြင်းစနစ် Check and Balance System ထဲမှာ အရေးကြီးတဲ့ ဒေါက်တိုင်ကော်မတီတစ်ခုလည်းဖြစ်ပါတယ်။ ဒီကော်မတီကို အောက်ဖော်ပြပါ ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင် ၁၅ ဦးတို့ဟာ ၅ နှစ်နီးပါး ကာလအတွင်း အဆိုပါ အပြန်အလှန်ထိန်းညှိခြင်း လုပ်ငန်းစဉ်ကြီးကို အထောက်အကူပြုဖို့ မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ တည်ဆဲစာရင်းအားဖြင့် ဦးဝင်းစိန် (ကဝမဲဆန္ဒနယ်)၊ ဦးစိုင်းစောတင်(မိုင်းယောင်းမဲဆန္ဒနယ်)၊ ဦးရှိန်ကျော်ဝင်း(ဆိပ်ဖြူမဲဆန္ဒနယ်)၊ ဒေါ်ခင်စောဝေ (ရသေ့တောင်မဲဆန္ဒနယ်)၊ ဦးစောနေကော်ကြီး(သံတောင်ကြီးမဲဆန္ဒနယ်)၊ ဗိုလ်မှူး သိန်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)၊ ဦးကိုကိုလွင်(မော်လမြိုင်ကျွန်းမဲဆန္ဒနယ်)၊ ဦးသန်းနွယ် (ဘုတလင်မဲဆန္ဒနယ်)၊ ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)၊ ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)၊ ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)၊ ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)၊ ဦးလှထွန်း(ဒလမဲဆန္ဒနယ်)၊ ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)နှင့် ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်) တို့ဖြစ်ပါတယ်။ အစီရင်ခံစာများကို ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်အားလုံးတို့က တညီတညွတ်တည်း လက်မှတ်ရေးထိုးတင်ပြအပ်ပါတယ်။ ယခု ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းတော့ မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ-

**မူကြမ်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်းများ၊ အတည်ပြု အဆိုများတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုပြုစု၍ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများ၏ ကတိဖြစ် ကြယ်ပွင့်ပြမေးခွန်းများတွင် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးဆုံးသည်အထိ ဆောင်ရွက်ဆဲလုပ်ငန်း ၁၅၁ ခုတွင် ဆောင်ရွက်ပြီး ၄၅ ခုနှင့် ပယ်ဖျက်ပေးရန်လုပ်ငန်း ၁၆ ခုဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ၉၀ ခုဖြစ်ပြီး စာရင်းအသေးစိတ်ကို အချိန်ကို တန်ဖိုးထားလေးစားသောအားဖြင့် နောက်ဆက်တွဲ(က)ဖြင့် တင်ပြထားပါသည်။ နောက်ဆက်တွဲများမှာ ပုံနှိပ်မည်ဆိုပါက အတိုင်းအတာတစ်ခုအထိ အထူရှိမှာဖြစ်တဲ့အတွက် ပေါ့ပါးစွာသယ်ဆောင်ပြီး ရောက်လေရာမှာ ဖတ်ရှုလေ့လာနိုင်ရန်အလို့ငှာ CD ခွေတ်ပြားများဖြင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး၏ လက်ဝယ်သို့ ဖြန့်ဝေထားပေးပြီးဖြစ်ပါသည်။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများ၏ ကတိဖြစ် ကြယ်ပွင့်မပြမေးခွန်းများတွင် စတုတ္ထပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးပြီးဆုံးသည်အထိ ဆောင်ရွက်ဆဲလုပ်ငန်း ၇၈၄ ခုတွင် ဆောင်ရွက်ပြီး ၃၄၈ ခုနှင့် ပယ်ဖျက်ပေးရန်လုပ်ငန်း ၆၅ ခု ဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ၃၇၁ ခုဖြစ်ပြီး အသေးစိတ်စာရင်းကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများ၏အတည်ပြုအဆိုများတွင် တတိယပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးပြီးဆုံးသည်အထိ ဆောင်ရွက်ဆဲလုပ်ငန်း ၁၅ ခုတွင် ဆောင်ရွက်ပြီး ၆ ခုနှင့် ပယ်ဖျက်ပေးရန် လုပ်ငန်း ၃ ခုဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ၆ ခု ဖြစ်ပြီး စာရင်းအသေးစိတ်ကို နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြအပ်ပါသည်။

၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးပြီးနောက် ကြယ်ပွင့်မပြ စာဖြင့်မေးသောမေးခွန်း ၂၆၃ ခုထပ်မံရရှိခဲ့ပြီး ၅၆ ခုမှာကတိဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ကတိဖြစ်မေးခွန်းများ၏ အဖြေများသည် ဖြေကြားထားသည်မှာ မကြာမြင့်သေးပါသောကြောင့် ဖြေကြားချက်များအတိုင်း နောက်ဆက်တွဲ(ဃ)ဖြင့် တင်ပြအပ်ပါသည်။

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးပြီးနောက် ဆောင်ရွက်ဆဲလုပ်ငန်း ကြယ်ပွင့်ပြ ၁၅၁ ခုမှ ပယ်ဖျက်ရန် ၁၆ ခု၊ ကြယ်ပွင့်မပြ ဆောင်ရွက်ဆဲ

၇၈၄ ခုမှ ပယ်ဖျက်ရန် ၆၅ ခုနှင့် အတည်ပြုအဆို ဆောင်ရွက်ဆဲ ၁၅ ခုမှ ပယ်ဖျက်ရန် ၃ ခုတို့ ထပ်မံရရှိခဲ့ပါသည်။

**ကော်မတီ၏ တင်ပြချက်**

၇။ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြီးဆုံးပြီးနောက် ၂၇-၈-၂၀၁၅ ရက်နေ့မှ ၉-၁၁-၂၀၁၅ ရက်နေ့ထိ ကာလအတွင်း ကတိဖြစ်ထားသော ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ၊ အတည်ပြုအဆိုများအနက် လက်ရှိလွှတ်တော်သက်တမ်းတွင် ပြီးစီးနိုင်ခြင်းမရှိသည့် လုပ်ငန်းများသည် ဘဏ္ဍာငွေခွဲဝေပေးမှုမရရှိခဲ့ခြင်း၊ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ခြင်း၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းတစ်ခုတည်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခြင်းတို့ကြောင့် ကတိစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်သူ့လွှတ်တော်ရုံးသို့ ထပ်မံညှိနှိုင်းလာခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညှိနှိုင်းလာခဲ့သည့် ပယ်ဖျက်ပေးရန်လုပ်ငန်းများကို နောက်ဆက်တွဲ(င)ပါအတိုင်း တင်ပြထားပါသည်။ ပယ်ဖျက်ရန် တင်ပြထားသော လုပ်ငန်းများဖြစ်သည့် ကြယ်ပွင့်ပြ ၁၆ ခု၊ ကြယ်ပွင့်မပြ ၆၅ ခုနှင့် အတည်ပြုအဆို ၃ ခုတို့ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၈-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပို့ဆောင်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်မှ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ၁၇-၈-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေသည် ၁၉၃၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သဖြင့် ခေတ်နှင့် လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ခေတ်စနစ်နှင့် လိုက်လျောညီထွေစေရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၈-၂၀၁၅ ရက်နေ့နှင့် ၁၃-၁၁-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ အစီရင်ခံစာ ပါ စာမျက်နှာ ၂ အပိုဒ်ခွဲ(က)မှ စာမျက်နှာ ၆ အပိုဒ်ခွဲ(ထ) အပိုဒ်ခွဲငယ်(၂)အထိ ဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ အဆိုပါအပိုဒ်ခွဲများကို ဖတ်ကြားတင်ပြခြင်းမပြုဘဲ ခွင့်ပြုပေးနိုင်ပါရန်နှင့် ကျန်ရှိတဲ့ အပိုဒ်ကို ဆက်လက်ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ စာမျက်နှာ ၆ အပိုဒ် ၄။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေသည် ၁၉၃၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သဖြင့် ခေတ်နှင့် လိုက်လျောညီထွေမှုမရှိတော့ခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ခေတ်စနစ်နှင့် လိုက်လျောညီစေရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၈-၂၀၁၅ ရက်နေ့နှင့် ၁၃-၁၁-၂၀၁၅ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ယင်းဥပဒေတွင် အပိုဒ်ပေါင်း (၉)ခုပါရှိပါသည်။

( ခ) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(a) officer means any officer assigned duty by the Myanma Port Authority to levy the light-dues, expenses, costs and fines, and to perform the other duty under this Act.

( ဂ) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (၂) ပုဒ်မခွဲငယ်(က)နှင့် ပုဒ်မ၁၈ တို့တွင်ပါရှိသော President of the Union

ဆိုသည့် စကားရပ်ကို Ministry of Transport ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ၂ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၁ ဘေးခေါင်းစဉ်၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့တွင်ပါရှိသော President of the Union ဆိုသည့်စကားရပ်ကို Myanma Port Authority ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

( င) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၅။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၈ ပုဒ်မခွဲ (၁)နှင့် ပုဒ်မ ၁၆ တို့၌ ပါရှိသော President of the Union may ဆိုသည့်စကားရပ်ကို Ministry of Transport may, with the approval of the Government of the Union ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ပါသည်။

(ဆ) အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

Appointment of the officer of lighthouse

4. The Myanma Port Authority may, with the approval of the Ministry of Transport, by notification, appoint an officer of lighthouse. In addition, in order to cooperate and coordinate together with the other marine related organizations internal or external for the purposes of channel safety, consistency with the international navigation standard, and implementation national maritime policy, lays the Lighthouse Division under the supervision of Master Attendant.

မူကြမ်း

( ဓ)   အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanma Port Authority.

(ဈ)   အပိုဒ် ၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့၌ ပါရှိသော Customs–Collector ဆိုသည့်စကားရပ်ကို officer ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ည)   အပိုဒ် ၅ ခြေဆင်းနှင့် အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority.

( ၎) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၀။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(4) The person who dissatisfies with the order passed by the Master Attendant or any officer under sub-section (3) may appeal to the Ministry of Transport within 60 days from the date of such order.

( ၅) အပိုဒ် ၆ ကို အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီး၊ ပြင်ဆင်သည့် အပိုဒ် ၁၃ ရှိ determination စကားရပ်ကို decision ဟု ပြင်ဆင်ပါသည်။

( ၃) အပိုဒ် ၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၅ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

15.(1)If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to a Attendant or any officer with the approval of the Managing Director or the Chief Executive Officer of the Myanma Port Authority.

(2) The person who dissatisfies with such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the date of such order.

( ပ)　အပိုဒ် ၈ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၃။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(1) The Master Attendant, at any time, and any officer of Lighthouse Division, if authorized in this behalf by a general or special order in writing of the Myanma Port Authority may enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit.

(ဖ)　အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၂ ၏ ခေါင်းစဉ်၊ ဘေးခေါင်းစဉ်နှင့် ပုဒ်မ ၂၂ တို့၌ ပါရှိသော Government ဆိုသည့် စကားရပ်ကို Myanma Port Authority ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(တ)　အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၅။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

Limitation of Lighthouse Area

23.(1) The Myanma Port Authority has, with the approval of the Ministry of Transport, within port limit area or not, the power to issue order and notification any land or reef or sea within the 100 meters from the centre of light beacon or light tower as the lighthouse area.

(2) The person who dissatisfies with such order passed by sub-section (1) may appeal to the Ministry of Transport with credible document of ownership within 60 days from the

date of such order and the decision of the Ministry of Transport shall be final.

24. The Myanma Port Authority has the power to make Prohibition to erecting the buildings or growing the trees, not to become obstacle to high and luminous range of lighthouse within 1 kilometer from lighthouse. Moreover, the trees ordinarily grown which is likely to be obstacle to such high and luminous range of the lighthouse shall be cut and cleaned by the power given to the Myanma Port Authority.

25. Any person who takes any material of the lighthouse without permission or destroys it or makes anything to disturb the lighthouse services shall be punished under the existing law.

(ထ) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

SCHEDULE

(1) Lighthouse : -

(a) Kyauk Phyu Kyun Island.

(b) Meepya Kyun (Dawei) Island.

(c) Malisoon Island.

(d) Kalwin.

(e) Myeik Seik Kan Thar.

(f) Palaw Palin.

(g) Kyaik Kha Mi Island.

(h) Kyun Nyi Naung Island.

(i) May Yu Island.

(j) Sittwe.

(k) Myae Pon Island.

(l) Thantar Island.

(m) Paung Net Gyi Island.

(n) Man Aung Island.

(o) Mhan Aung Chaung Wa.

(p) Kyauk Ne Maw.

(q) Sin Gaung Island.

(r) Ohn Ta Bin Island.

(s) Lone Thar.

(t) Nan Thar Kyun Island

(u) Thante.

(v) Min Glar Island.

(w) Pathein Reef.

(x) Thamee Hla Island.

(y) Chaung Gyi.

(z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be lighthouse and general lighthouse.

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို အတိအကျဖော်ပြ၍ ၁၉-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီက အစီရင်ခံစာကိုတင်ပြရန်ဖြစ်၍ အစီရင်ခံစာ တင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(အတွင်းရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)** ။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

ပြည်သူ့လွှတ်တော်က ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်း၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို

သတ်မှတ်ပေးခဲ့ပါသည်။ ယင်းလုပ်ပိုင်ခွင့်များတွင် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်ဟူသော အချက်ပါရှိပါသည်။

**ဆောင်ရွက်ချက်များ**

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်(အိုင်-၁၂)တွင် ၂၅-၉-၂၀၁၄ ရက်၊ ၂၈-၁-၂၀၁၅ ရက်၊ ၇-၄-၂၀၁၅ ရက်၊ ၂၈-၅-၂၀၁၅ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုနည်းတူ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်(အိုင်-၁၂)တွင် ၁-၁၀-၂၀၁၄ ရက်၊ ၃၀-၁၀-၂၀၁၄ ရက်၊ ၂၃-၁-၂၀၁၅ ရက်၊ ၂၇-၄-၂၀၁၅ ရက်၊ ၁၉-၅-၂၀၁၅ ရက်၊ ၂၂-၆-၂၀၁၅ ရက်၊ ၈-၇-၂၀၁၅ ရက်နေ့တို့တွင် တရားဥပဒေစိုးမိုးရေးဌာနများ၊ တည်ထောင်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့အဆင်ပြေစေရန်အတွက် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးပိုင်းကို Rule of Law Centre တွင် ပါဝင်စေချင်ကြောင်း၊ ပါဝင်ပတ်သက်စေချင်သည့်အတွက်လည်း ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ပါဝင်နိုင်အောင်လည်း အချိန်မရွေးကြိုဆိုလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် Rule of Law Centre များ တရားဥပဒေစိုးမိုးရေးကျယ်ကျယ်ပြန့်ပြန့်ရှိလာအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ပါဝင်နေခြင်းသာမက အရပ်ဘက်အဖွဲ့အစည်းများနှင့်ပြည်သူလူထုကလည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ယင်း Centre များ တည်ထောင်ခြင်းအားဖြင့် မိမိတို့ရည်ရွယ်ချက်များ မည်မျှအကောင်အထည်ဖော်နိုင်မည်ကို အခြေခံပြီး Pilot Project သာမကဘဲ တရားဥပဒေစိုးမိုးရေး Centre များ မိမိတို့နိုင်ငံတွင် လက်တွေ့ကျကျဖွင့်လှစ်နိုင်ရန်ရည်ရွယ်ထားရှိပါကြောင်းတို့ကို လမ်းညွှန်ဆွေးနွေးခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာညှိနှိုင်းမှုအဖွဲ့၏ (Rule of Law Centre Pilot Project)သင်တန်းကို လားရှိုးမြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာညှိနှိုင်းမှုအဖွဲ့၏ အဖွဲ့ဝင်များသည် ၆-၂-၂၀၁၅ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးစင်တာ (မန္တလေး)သို့ သွားရောက်လေ့လာခဲ့ပါသည်။ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာညှိနှိုင်းမှုအဖွဲ့၏ (Rule of Law Centre Pilot Project) သင်တန်းပိတ်ပွဲအခမ်းအနားကို ၁၄-၂-၂၀၁၅ ရက်နေ့တွင် မန္တလေးမြို့၊ ရွှေပြည်သာဟိုတယ်၌ ပြုလုပ်

မူကြမ်း

ကျင်းပခဲ့ပါသည်။ သင်တန်းသား/သင်တန်းသူ(၇၈)ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာညှိနှိုင်းမှုအဖွဲ့၏ (Rule of Law Centre Pilot Project) ကို UNDP က အကဲဖြတ်ရာတွင် အောင်မြင်မှုရှိကြောင်း၊ အသိပညာတိုးတက်မှုများရှိလာကြောင်းအစီရင်ခံခဲ့ပါသည်။ ထို့ကြောင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရန်ကုန်မြို့တို့တွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ၁၇-၈-၂၀၁၅ ရက်နေ့တွင် မန္တလေးမြို့၌ (Rule of Law Centre Pilot Project) သင်တန်းဆရာ/ဆရာမများအားသင်ကြားသည့် သင်တန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကော်မတီအနေဖြင့် ၂၅-၉-၂၀၁၄ ရက်နေ့တွင် British Council မှအဖွဲ့ဝင်များနှင့် တရားဥပဒေစိုးမိုးရေးစင်တာ ကိစ္စများကို တွေ့ဆုံဆွေးနွေးခြင်း၊ ၂၈-၁-၂၀၁၅ ရက်နေ့တွင် ကော်မတီအဖွဲ့ဝင်များသည် လွှတ်တော်ရုပ်သံလိုင်းရိုက်ကူးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ၂၈-၅-၂၀၁၅ ရက်နေ့တွင် UNESCO Special Envoy for Peace and Reconciliation အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ခဲ့ပါသည်။

ကော်မတီသည် ၂၈-၁၀-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၁၄ ရက်နေ့အထိ နေပြည်တော်ရှိ Max Hotel တွင် International Bar Association (IBA) နှင့်ပူးပေါင်း၍ ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းခြင်းအပေါ် စည်းမျဉ်းချထားသောဥပဒေများ (Laws Regulating the Legal Profession: A Comparative Review from Around the World) နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

ကော်မတီသည် ၁၆-၁၂-၂၀၁၄ ရက်နေ့မှ ၁၇-၁၂-၂၀၁၄ရက်နေ့အထိ ရန်ကုန်မြို့၊ လွှတ်တော်ရုံးခွဲတွင် ဥရောပသမဂ္ဂကပံ့ပိုးကူညီသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသည့်အဖွဲ့ (Support to Reform of the Myanmar Police Force)နှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ဥရောပသမဂ္ဂကပံ့ပိုးကူညီသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ်သည် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ လူစုလူဝေးအားစနစ်တကျ ထိန်းသိမ်းမှုဆိုင်ရာအကောင်းဆုံး လုပ်ငန်းဆောင်ရွက်နည်းကို သိရှိရန်၊ လွှတ်တော်နှင့် လူထုအခြေပြုအဖွဲ့အစည်းများ ကြီးကြပ်မှုတို့အား တိုးတက်ခိုင်မာစေရန် စသည့်အစီအစဉ်များ ဖြစ်ပါသည်။

ထို့အပြင် ကော်မတီသည် ၅-၅-၂၀၁၅ ရက်နေ့မှ ၆-၅-၂၀၁၅ ရက်နေ့အထိ ရန်ကုန်မြို့၊ လွှတ်တော်ရုံးခွဲတွင် ဥရောပသမဂ္ဂကပံ့ပိုးကူညီသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသည့်အဖွဲ့ (Support to Reform of the Myanmar Police Force)နှင့် အလုပ်ရုံဆွေးနွေးပွဲ ထပ်မံပြုလုပ်ခဲ့ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ရဲနှင့်စစ်တပ်၏ အခန်းကဏ္ဍပြောင်းလဲခြင်းနှင့် လွှတ်တော်ဆိုင်ရာကြီးကြပ်ခြင်း၊ ရဲတပ်ဖွဲ့တာဝန်ခံမှု ဆိုင်ရာဥပဒေရေးဆွဲခြင်း၊ လွှတ်တော်ဆိုင်ရာကြီးကြပ်ခြင်းအား ပိုမိုကောင်းမွန်စေရန် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည်တို့ ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ၂၂-၆-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်(အိုင်-၁၂)၌ ရဲတပ်ဖွဲ့နှင့်စပ်လျဉ်းသော အလုပ်ကိစ္စများနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီး(၃)ဦးတို့နှင့်တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ၈-၇-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်(အိုင်-၁၂)၌ တရားဥပဒေစိုးမိုးရေးဌာနများ တည်ထောင်ရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာသံရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီး(၃)ဦးတို့နှင့် တွေ့ဆုံပြီးဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ယင်းဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌက ပြည်သူ့ရဲများ၏ လုပ်ငန်းပိုမိုထိရောက်စေရန်နှင့် ပြည်သူလူထုက ပိုမိုယုံကြည်မှုပေးနိုင်ရန်အတွက် မည်သို့ပံ့ပိုးရမည်ကိုသိလိုကြောင်း၊ ဥပဒေများ ရေးဆွဲသည့်အခါတွင် ရဲများ၏တာဝန်ခံမှုနှင့်ဆိုင်သော ဥပဒေများကို ရဲများမပါဘဲ ရေးဆွဲခြင်းသည် တစ်ဖက်သတ်ဆန်လွန်းသည်ဟု ထင်မြင်ယူဆပါကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် ရဲများမပါ၍ မဖြစ်ကြောင်းနှင့် ရဲတပ်ဖွဲ့သည် များစွာအရေးပါကြောင်း၊ Community Policing ပြည်သူလူထုနှင့် ဆက်ဆံရေးကို ပိုမိုအလေးထားစေချင်ကြောင်း၊ မိမိတို့သည် ရဲနှင့်ပတ်သက်သည့် ဥပဒေများကို ကိုင်တွယ်သည့်နေရာတွင် လွှတ်တော်တွင်းမရောက်မီ လွှတ်တော်အမြင်၊ အရပ်ဘက်အမြင်နှင့် ရဲဘက်အမြင်တို့ကို ညှိနှိုင်းပြီးပြုလုပ်ချင်ကြောင်း၊ ပြည်သူ့ရဲဆိုသည်မှာ ပြည်သူများကို ကာကွယ် စောင့်ရှောက်ရန်နှင့် ပြည်သူများ၏ဘဝကို ပိုမိုအေးချမ်းသာယာအောင် ပြုလုပ်ပေးရန်ဆိုသည့် အမြင်ဖြစ်စေရေးအတွက် နှစ်ဘက်စလုံးကိုတစ်ပြိုင်နက်တည်း ပညာပေးရန်လိုမည်ဖြစ်ကြောင်း စသည်တို့ကို လမ်းညွှန်ဆွေးနွေးခဲ့ပါသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများ၊ တင်ပြစာများနှင့်အခြားတင်ပြစာများမှာ စုစုပေါင်း ၃၇၂၅ စောင်ဖြစ်ပြီး တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ၁၈၀၀ စောင်၊ လယ်ယာမြေနှင့်စပ်လျဉ်း၍ ၁၂၀၀ စောင်၊ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ၆၀၀ စောင်နှင့် အခြားတင်ပြစာများမှာ ၁၂၅ စောင်ဖြစ်ပါသည်။ ယင်းစာများအား ကော်မတီအဖွဲ့ဝင်များမှ ဖတ်ရှုလေ့လာစိစစ်ပြီး သဘောထားမှတ်ချက်များ၊ အကြံပြုချက်များပေး၍ သက်ဆိုင်ရာကော်မတီများ၊ ကော်မရှင်များသို့ပေးပို့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၉-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှူကြမ်း**

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]